မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၂/ ၈၉)

၁၃၅၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၅ ရက်
၁၉၈၉ ခုနှစ် ၊ ဇန်နဝါရီလ ၂၁ ရက်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေတွင် –

(က) ပုဒ်မ ၂၅၊ ၃၆၊ ၈၂၊ ၈၃၊ ၈၇၊ ၁၁၂၊ ၁၂၄၊ ၁၂၅၊ ၁၃၅၊ ၁၃၆ နှင့် ၂၄၈ တို့တွင် အသီးသီးပါရှိသော " one kyat" ဆိုသည့်စကားရပ်ကို '' fifteen kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ '' three kyats'' ဆိုသည့် စကားရပ်ကို '' forty kyats'' ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ '' thirty eight pyas" ဆိုသည့် စကားရပ်ကို " six kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ " fifty pyas" ဆိုသည့် စကားရပ်ကို " eight kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

(ခ) The first Schedule, Table B ပါ I နှင့် II တို့တွင် အသီးသီးပါရှိသော "1 kyat" ဆိုသည့် စကားရပ်ကို "15 kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ " 5 kyats" ဆိုသည့် စကားရပ်ကို " 75 kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ " 20 kyats" ဆိုသည့် စကားရပ်ကို " 300 kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "40 kyats", " forty kyats" ဆိုသည့် စကားရပ်များကို " 600 kyats" , " six hundred kyats" ဆိုသည့် စကားရပ်အသီးသီးဖြင့်လည်းကောင်း၊ " 100 kyats" ဆိုသည့် စကားရပ်ကို " 1500 kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ " 400 kyats" ဆိုသည့်စကားရပ်ကို " 6,000 kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ " 1,000 kyats" ဆိုသည့် စကားရပ်ကို " 15,000 kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။